Center for Arakan Studies

## အာရက္ခရေးရာအထူးလေ့လာချက်

# အထီးကျန်မှုနှင့် အကျဉ်းအကျပ်များကြားက ကျွန်းမာန်အောင်

**အမှတ် (၈)၊ ၂၀၂၆ ခုနှစ်**
**နိုင်ငံရေးနှင့် လူမှုစီးပွားကဏ္ဍ**




မာန်အောင်ကျွန်းအား google earth မှ မြင်တွေ့ရပုံ (source@googleearth)

**ဇူလိုင် ၃၀၊ ၂၀၂၆ ခုနှစ်**

## ၁။ နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | မာန်အောင်မြို့နယ်၏ စစ်ရေး၊ နိုင်ငံရေး ပြောင်းလဲမှုများ နှင့် ဒေသခံလူထု၏ လုံခြုံရေး နှင့် လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများအား လေ့လာခြင်း |
| **(ခ) နယ်မြေဒေသ** | မာန်အောင်မြို့နယ် |
| **(ဂ) အချိန်ကာလ** | ၂၀၂၃ နိုဝင်ဘာလမှ ၂၀၂၆ ဇွန်လ အထိ |

၂၀၂၃ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်အတွင်း တကျော့ပြန် တိုက်ပွဲများ ပြန်လည်ပြင်းထန်လာပြီးနောက်မှ စတင်ကာ အာရက္ခတပ်တော်သည် ရခိုင်ပြည်အတွင်းရှိ မြို့နယ် (၁၄) ခုကို ထိန်းချုပ်နိုင်ခဲ့ပြီး၊ မာန်အောင်မြို့နယ်သည် စစ်တွေ၊ ကျောက်ဖြူတို့နှင့်အတူ အသွင်ပြောင်း စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်ကျန်ရှိနေသည့် မြို့များအနက်မှ တစ်ခု ဖြစ်သည်။ မာန်အောင်မြို့နယ်တွင် တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိသော်လည်း၊ ရခိုင်ကမ်းမြောင်ဒေသအား ထိန်းချုပ်ရေးအတွက် စစ်ရေးအရ အရေးပါသည့် ကျွန်းဒေသတစ်ခုအဖြစ် သတ်မှတ်ခံထားရပြီး စစ်အစိုးရတပ်ဖွဲ့များမှ မာန်အောင်မြို့နယ်အတွင်း ထိန်းချုပ်မှု တိုးမြှင့်ခြင်း၊ လူနှင့်ကုန်စည် ပို့ဆောင်မှုများကို တင်းကျပ်စွာ ကန့်သတ်ခြင်းနှင့် စစ်ရေးအခြေခံအဆောက်အအုံများကို အင်အားဖြည့်တင်းခြင်းအပြင်၊ စစ်ရေးပြင်ဆင်မှုများကို ဆက်တိုက် လုပ်ဆောင်ခဲ့သည်။

ထိုသို့ စစ်ရေးလှုပ်ရှားမှုများနှင့် ကန့်သတ်ထိန်းချုပ်မှုများ၏ အကျိုးဆက်အဖြစ် ဒေသခံများ၏ ငါးဖမ်းလုပ်ငန်းနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်လာခဲ့ရပြီး၊ ကုန်ဈေးနှုန်းနှင့် ဆေးဝါးဈေးနှုန်းများ မြင့်တက်လာခြင်းအပြင် ကုန်စည်ရှားပါးမှုများနှင့် အခြေခံကျန်းမာရေးဝန်ဆောင်မှုများ ချို့တဲ့လာခြင်း၊ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်သာ ရရှိခြင်းတို့ကြောင့် လူမှုစီးပွားဘဝ အခက်အခဲများ ပိုမိုနက်ရှိုင်းလာခဲ့သည်။ ယခင်က အမြဲတမ်း အသွားအလာရှိခဲ့သော ရမ်းဗြဲ၊ ကျောက်ဖြူ၊ တောင်ကုတ်နှင့် သံတွဲမြို့နယ်တို့ အေအေထိန်းချုပ်မှုအောက် ရောက်သွားပြီးနောက် အဆက်အသွယ်ဖြတ်တောက်ခံရခြင်းအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ထို့ပြင် ၂၀၂၅နှင့် ၂၀၂၆ ခုနှစ်များအတွင်း ရွေးကောက်ပွဲပြင်ဆင်မှုများ၊ လေကြောင်းခရီးစဉ် ပြန်လည်ဖွင့်လှစ်ခြင်းနှင့် လေယာဉ်ကွင်း၊ စစ်ဆေးရေးဂိတ်နှင့် စစ်အင်အားတိုးချဲ့ခြင်းကဲ့သို့သော စစ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လှုပ်ရှားမှုများလည်း ပိုမိုမြင်တွေ့လာရသည်။

ဤလေ့လာချက်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ လက်ရှိအချိန်အထိ မာန်အောင်မြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် လုံခြုံရေး၊ လူသားချင်းစာနာမှုနှင့် လူမှုစီးပွားရေးဆိုင်ရာ အဓိကဖြစ်စဉ်များနှင့် ၎င်းတို့၏ ဒေသခံပြည်သူများအပေါ် သက်ရောက်မှုများကို ဒေသတွင်း သတင်းအရင်းမြစ်များနှင့် မီဒီယာများမှ ဖော်ပြချက်များ အပေါ် ခြုံငုံသုံးသပ်တင်ပြထားချက် ဖြစ်ပါသည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

### ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

**(က) စစ်ကောင်စီ၏ ရေလမ်းပိတ်ဆို့မှုကြောင့် မာန်အောင်ကျွန်းတွင် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြေခံဝန်ဆောင်မှုများ ပြတ်လပ်**

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှစ၍ ရခိုင်ပြည်နယ်အတွင်း ကုန်းလမ်းနှင့် ရေလမ်းများကို စစ်ကောင်စီက ပိတ်ပင်ခဲ့ရာ ရေလမ်းတစ်ခုတည်းကိုသာ အားထားနေရသည့် မာန်အောင်ကျွန်းတွင် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် စက်သုံးဆီများ ပြတ်လပ်လာခဲ့သည်။ ဒေသခံများသည် ဆန်၊ ဟင်းသီးဟင်းရွက်နှင့် ငါးကဲ့သို့ အခြေခံစားသောက်ကုန်များ ရရှိရန်ခက်ခဲလာပြီး ကမ်းနီးငါးဖမ်းလုပ်ငန်းများလည်း ရပ်တန့်ခဲ့သဖြင့် အသက်မွေးဝမ်းကျောင်း ထိခိုက်ခဲ့ရသည်။ ဆေးဝါးပြတ်လပ်မှုကြောင့် အရေးပေါ်လူနာများ ဆေးကုသမှု ရရှိရန် အခက်အခဲများ ဖြစ်ပေါ်နေခဲ့ပြီး၊ တောင်ကုတ်မြို့သို့ လူနာလွှဲပြောင်းရန်လည်း မဖြစ်နိုင်သည့် အခြေအနေများလည်း ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် စက်သုံးဆီ ပြတ်လပ်မှုကြောင့် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများပါ ရပ်တန့်နိုင်သည့်အန္တရာယ်ကို ကြုံတွေ့နေပြီး တချို့ကျေးရွာများတွင် ဖုန်းလိုင်းများ ပြတ်တောက်ခဲ့သည်။

**(ခ) မာန်အောင်မြို့နယ် အပါအဝင် ရခိုင်မြို့နယ်တချို့တွင် MPT ဖုန်းလိုင်းများ စတင် ပြတ်တောက်**

စစ်ကောင်စီ၏ သယ်ယူပို့ဆောင်ရေးကန့်သတ်မှုကြောင့် ဖုန်းတာဝါတိုင်များအတွက် စက်သုံးဆီများ ဖြည့်တင်းနိုင်ခြင်းမရှိဘဲ အမ်း၊ မြေပုံ၊ ပေါက်တောနှင့် မာန်အောင်မြို့နယ်ရှိ ဒေသတချို့တွင် MPT ဖုန်းလိုင်းများပြတ်တောက်ခဲ့ပြီး၊ ဒေသခံများ၏ ဆက်သွယ်ရေးနှင့်အင်တာနက်အသုံးပြုမှုများ ထိခိုက်ခဲ့ရသည်။

### ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

**(ဂ) စစ်ကောင်စီ၏ သွားလာခွင့်ကန့်သတ်မှုကြောင့် မာန်အောင်တွင် စားဝတ်နေရေးအခက်အခဲများ မြင့်တက်**

စစ်ကောင်စီက ရခိုင်ပြည်တွင်း ကုန်းလမ်းနှင့် ရေလမ်းသွားလာခွင့်များကို ကန့်သတ်ထားခြင်းကြောင့် မာန်အောင်မြို့နယ်တွင် စားနပ်ရိက္ခာပြတ်လပ်လာပြီး အခြေခံလူတန်းစားများ၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်း အခက်အခဲများ ပိုမိုဆိုးရွားလာကြောင်း သိရသည်။

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ

**(ဃ) မာန်အောင်တွင် စစ်ကောင်စီတာဝန်ရှိသူများက လောင်းကစားဝိုင်းများ ဖွင့်လှစ်ခွင့်ပြုထားပြီး ဆက်ကြေး ကောက်ယူ**

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအတွင်း မာန်အောင်မြို့နယ်ရှိ ကျေးရွာအချို့တွင် လောင်းကစားဝိုင်းများ နေ့စဉ်ဖွင့်လှစ်နေပြီး စစ်ကောင်စီတာဝန်ရှိသူများမှ ဆက်ကြေးများ ကောက်ခံနေကြောင်းနှင့် အဆိုပါ လောင်းကစားဝိုင်းများကြောင့် လူမှုရေးပြဿနာများနှင့် လူငယ်များ၏ အကျင့်စာရိတ္တ ထိခိုက်မှုများ ဖြစ်ပေါ်နေကြောင်းလည်း ဒေသခံများက ပြောကြားခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

**(င) မာန်အောင် စမုံတဲ လေယာဉ်ကွင်းကို စစ်ဘက်အသုံးပြုရန် စစ်ကောင်စီ ပြင်ဆင်နေ**

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်ကောင်စီသည် မာန်အောင်မြို့ရှိ စမုံတဲလေယာဉ်ကွင်းကို စစ်ဘက်ဆိုင်ရာအသုံးပြုရန် တိုးချဲ့ပြင်ဆင်နေပြီး ထောက်ပို့လေယာဉ်နှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များ ဆင်းသက်နိုင်ရန် အုတ်တံတိုင်းကာရံခြင်းနှင့် အခြားပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း ဒေသခံသတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ သို့သော် အဆိုပါအချက်အလက်များကို သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ဖော်ပြထားသည်။

## ၂၀၂၄ ခုနှစ်၊ မတ်လ

**(စ) မာန်အောင်တွင် စစ်မှုထမ်းစာရင်း အမြန်ကောက်ခံရန် စစ်ကောင်စီ ညွှန်ကြား**

၂၀၂၄ ခုနှစ် မတ်လ အစောပိုင်း တွင် စစ်ကောင်စီက မာန်အောင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များ၏ စာရင်းကို ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တစ်ရက်အတွင်း အပြီးတင်သွင်းရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ သို့ရာတွင် အဆိုပါ ညွှန်ကြားချက်ကို ကျေးရွာ အုပ်ချုပ်ရေးမှူးများ ငြင်းဆိုခဲ့ကြောင်း သိရပြီး၊ မတ်လနှောင်းပိုင်းတွင် စစ်ကောင်စီက "ရှေ့တန်းမထွက်ရ၊ ကိုယ့်ရပ်ရွာတွင်သာ တာဝန်ထမ်းဆောင်ရမည်" ဟု ပြောဆိုစည်းရုံးကာ မာန်အောင်မြို့နယ်ရှိ ကျေးရွာများတွင် စစ်မှုထမ်းရန် လူအင်အား အတင်းအကျပ်တောင်းခံခဲ့ကြောင်း သိရသည်။ ဧပြီလအတွင်းတွင်မူ စစ်မှုထမ်းရန် လူစာရင်းမပေးလိုသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး တချို့ တိမ်းရှောင်ခဲ့ကြကြောင်း သတင်းများအ ရသိရသည်။ စစ်ကောင်စီ၏ စစ်မှုထမ်းရန် လူစာရင်းကောက်ယူမှုများကြောင့် ဒေသခံလူငယ်များနှင့် မိသားစုများအကြား စိုးရိမ်မှုများ မြင့်တက်ခဲ့ပြီး၊ အသက် ၂၀ အရွယ် လူငယ်တစ်ဦး စစ်မှုထမ်းရမည်ကိုစိုးရိမ်၍ ထွက်ပြေးတိမ်းရှောင်စဉ် ရေနစ်သေဆုံးခဲ့ရကြောင်း သိရှိရသည်။

### (ဆ) မာန်အောင်တွင် လူမှုရေးလှုပ်ရှားသူများကို AA နှင့် ဆက်နွယ်သည်ဟု စွပ်စွဲစာရင်းပြုစု

မာန်အောင်မြို့နယ် ကျေးရွာတစ်ချို့မှ လူမှုရေးလှုပ်ရှားသူများနှင့်ဒေသခံပြည်သူများကို စစ်ကောင်စီ လက်အောက်ခံ မာန်အောင်မြို့မရဲစခန်းတွင် အာရက္ခတပ်တော် (AA)၏ တပ်ဖွဲ့ဝင်များဟု စွပ်စွဲကာ စာရင်းပြုစုထားသဖြင့် ဖမ်းဆီးခံရမည်ကို စိုးရိမ်နေရသည်ဟု အမည်မဖော်လိုသူ လူမှုရေးလှုပ်ရှားနေသူ တစ်ဦးက နိုရဥ္စရာသတင်းဌာနသို့ ပြောသည်။

"ကျနော်တို့ရွာက ၄ ယောက်ကို မြို့မရဲစခန်းမှာစာရင်းလုပ်ထားတယ်လို့ သိရတယ်။ သူတို့စာရင်းထဲမှာ ပါတဲ့သူတွေက ရက္ခိုင့်တပ်တော်ကလည်းမဟုတ်သလို စစ်သင်တန်းတက်ထားတဲ့သူတွေလည်းမဟုတ်ဘူး။ အခုဟာက တိုက်ပွဲသတင်းတွေကို ဖတ်ပြီးကိုယ့်အိမ်မှာ အခြေအနေပြန်ပြီးပြောပြတာနဲ့ကို သူတို့ကိုအအေ တံဆိပ်ကပ်လိုက်ပြီ။ အဲသလိုမျိုးဖြစ်နေကြပြီ" ဟု ၎င်းက ပြောသည်။

၂၀၂၄ ခုနှစ် မတ်လတွင် မာန်အောင်မြို့နယ်ရှိ လူမှုရေးလှုပ်ရှားသူများ နှင့် ဒေသခံအချို့ကို အာရက္ခတပ်တော် နှင့် ဆက်နွယ်သည်ဟုစွပ်စွဲကာ မြို့မရဲစခန်းတွင် စာရင်းပြုစုထားကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

### (ဇ) မာန်အောင်မှ ဖုန်းဆိုင်ပိုင်ရှင်ကို PDF နှင့် ဆက်နွယ်သည်ဟု စွပ်စွဲကာ ထောင်ဒဏ် ၃ နှစ် ချမှတ်

မာန်အောင်မြို့မှ ဖုန်းဆိုင်ပိုင်ရှင် တစ်ဦးကို PDFအား ထောက်ပံ့သည်ဟု စွပ်စွဲကာ ပုဒ်မ ၅၀၅ (က) ဖြင့်၊ ထောင်ဒဏ် (၃) နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ မေဃသစ္စာဖုန်းဆိုင်ပိုင်ရှင် ကိုစည်သူအောင်(ခ) ဦးခေါင်းဖြူကို လူမှုကွန်ရက်တွင်ပြည်သူ့ကာကွယ်ရေး တပ်(PDF) ကို ထောက်ပံ့ပေးသည်ဟု စွပ်စွဲကာ မတ်လ ၂၉ ရက်နေ့က ပုဒ်မ ၅၀၅(က)ဖြင့် ထောင်ဒဏ် ချမှတ်ခံလိုက်သည့်အပေါ် တရားမျှတမှုမရှိကြောင်း ဒေသခံများက ပြောသည်။

### (ဈ) မာန်အောင်တွင် စစ်ကောင်စီ က စစ်အင်အားတိုးချဲ့ပြီး တပ်စွဲမှုများ တိုးချဲ့ လုပ်ဆောင်

တိုက်ပွဲဖြစ်ပွားခြင်း မရှိသေးသည့် မာန်အောင်မြို့နယ်တွင် မာန်အောင်မြို့ခန်းမနှင့် ခအုံးမော်ကျေးရွာတွင် စစ်ကောင်စီတပ်မှ အင်အားများချကာ တပ်စွဲ နေရာယူထားကြောင်း ဒေသခံများထံမှ သိရသည်။

"မတ်လ ၁၉ ရက်နေ့က စစ်သား ၁၀၀ လောက် လာပို့တယ်။ ဇက်ရေယာဉ်နဲ့။ အဲဒီစစ်သားတွေထဲက တစ်ချို့က မြို့ခန်းမမှာ နေရာယူထားတယ်။ နောက်ထပ်စစ်သားတွေက ဆိုလာစက်ရုံအနီးက ခအုန်းမော် ရွာမှာ နေရာယူတယ်လို့ကြားရတယ်"ဟု မာန်အောင်ဒေသခံတစ်ယောက်က နိုရဥ္စရာသတင်းဌာနသို့ ပြောသည်။

တိုက်ပွဲဖြစ်ပွားခြင်း မရှိသေးသည့် မာန်အောင်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် စစ်ကောင်စီ က စစ်အင်အားတိုးချဲ့ကာ တပ်စွဲ နေရာယူခဲ့ကြောင်း သိရသည်။ ထို့အပြင် ကျေးရွာများတွင် ဧည့်စာရင်းနှင့် အိမ်ထောင်စုစာရင်းစစ်ဆေးခြင်း၊ ကင်းပုန်းဝပ်ခြင်းနှင့် စစ်ရေးပြင်ဆင်မှုများ တိုးချဲ့လုပ်ဆောင်ခဲ့ကြောင်း ဒေသခံများ ပြောကြားချက်အရ သိရသည်။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ

**(ည) မာန်အောင်တွင် အာရက္ခတပ်တော်အား ဆန့်ကျင်ကြောင်း လက်မှတ်ရေးထိုးရန် စစ်ကောင်စီမှ ဒေသခံများအား ဖိအားပေး**

စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် မာန်အောင်မြို့နယ် သစ်ပုံကျေးရွာသို့ ဝင်ရောက်၍ ဒေသခံများအား အစည်းအဝေးခေါ်ယူကာ အာရက္ခတပ်တော်ကို အလိုမရှိကြောင်း ဖော်ပြသည့်စာရွက်များတွင် အမည်၊ မှတ်ပုံတင်အမှတ် နှင့် နေရပ်လိပ်စာများ ဖြည့်သွင်း၍ အတင်းအဓမ္မ လက်မှတ်ရေးထိုးခိုင်းခဲ့ကြောင်း သိရသည်။ ထို့အပြင် အာရက္ခတပ်တော်ကို ထောက်ပံ့သည်ဟု စွပ်စွဲချက်ဖြင့် ဧပြီလ (၁၈) ရက်နေ့တွင် စစ်ကောင်စီတပ်သားများမှ အဆိုပါကျေးရွာရှိ အိမ်ခြေ ၄၀၀ ခန့်ကို၊ ရွာမြောက်ဖက် ၁၀ မိုင်ခန့်အကွာရှိ ကျေးရွာများသို့ ဧပြီလ (၂၅) ရက်နေ့ နောက်ဆုံးထားကာ ရွှေ့ပြောင်းရန် ညွှန်ကြားခဲ့သည်။ သို့ရာတွင် ဧပြီ (၂၃) ရက်နေ့တွင် "စစ်ကောင်စီကို ဆက်လက် မဆန့်ကျင်တော့ပါကြောင်း" ခံဝန် လက်မှတ်ရေးထိုးခိုင်း နောက်ပိုင်း ဆက်လက်နေထိုင်ခွင့် ပေးခဲ့ကြောင်း သိရသည်။

## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

**(ဋ) မာန်အောင်တွင် ဆေးဝါးပြတ်လပ်မှုကြောင့် ကျန်းမာရေး အကျပ်အတည်း ဆိုးရွားလာ**

စစ်ကောင်စီ၏ ရေလမ်းသွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ကန့်သတ်မှုများကြောင့် မာန်အောင်မြို့နယ်တွင် ဆေးဝါးများ လုံးဝပြတ်လပ်နေပြီး လူဦးရေ ၅၇,၀၀၀ ကျော် (ခန့်မှန်းခြေ ၆၀,၀၀၀ ခန့်) သည် ကျန်းမာရေးဝန်ဆောင်မှုများ ရယူရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းအများစု တိမ်းရှောင်သွားသဖြင့် လက်ထောက်ဆရာဝန်တစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်းအနည်းငယ်သာ ကျန်ရှိပြီး ဆေးဝါးများလည်း ပြတ်လပ်နေသည်။ သို့ဖြစ်၍ နာတာရှည်ရောဂါသည်များနှင့် အရေးပေါ်လူနာများမှာ ကုသမှုမရရှိဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာကြောင်း သိရသည်။ ယခင်က အရေးပေါ်လူနာများကို သံတွဲနှင့် တောင်ကုတ်ဆေးရုံများသို့ လွှဲပြောင်းကုသနိုင်ခဲ့သော်လည်း လက်ရှိတွင် ရေလမ်းပိတ်ဆို့ထားမှုကြောင့် ထိုသို့ဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ ဒေသခံများ၏ ကျန်းမာရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေမှာ ပိုမိုဆိုးရွားလာနေသည်။

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

### (၄) မာန်အောင်တွင် စစ်ကောင်စီ၏ စစ်ကြောင်းထိုးလှုပ်ရှားမှုများ၊ မြေမြှုပ်မိုင်းများ ကြောင့် လုံခြုံရေး နှင့် စားဝတ်နေရေးအတွက် စိုးရိမ်မှုများ မြင့်တက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးသီတင်းပတ်မှ စတင်ကာ စစ်ကောင်စီသည် မာန်အောင်မြို့နယ်ရှိ ကျေးရွာ ၁၅ ရွာခန့်တွင် တစ်ရွာဝင်တစ်ရွာထွက် စစ်ကြောင်းထိုးကာ ဘုန်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ အရပ်သားပြည်သူနေထိုင်ရာ နေရာများနှင့် အများပိုင်အဆောက်အအုံများတွင် ယာယီတပ်စွဲ နေထိုင်လျက်ရှိသည်။ စစ်ကြောင်းများသည် ဒေသခံများကို စစ်မှုထမ်းရန် စည်းရုံးခြင်း၊ အာရက္ခတပ်တော် တပ်ဖွဲ့ဝင်များ ဝင်ရောက်မှု ရှိ/မရှိ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်နေသဖြင့် တိုက်ပွဲမဖြစ်ပွားသော်လည်း ဒေသခံများအကြား လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်နေကြောင်း သိရသည်။

ထို့ပြင် ရမ်းဗြဲနှင့် မာန်အောင်အနီး ရေကြောင်းတစ်လျှောက်တွင် စစ်ရေယာဉ်များနှင့် တိုက်ခိုက်ရေးစပိဘုတ်များ နေရာချထားကာ မြေနီတောင်တစ်လျှောက်တွင်လည်း ကာကင်းစခန်းများ တိုးချဲ့၍ မြေမြှုပ်မိုင်းများ ထောင်ထားကြောင်း ဒေသခံများက ပြောသည်။ ရေတပ်စခန်းအနီးအနားရှိ ကျေးရွာများအနီး လယ်ကွင်းများ၊ ကမ်းစပ်များနှင့် ဒေသခံများ ဂုံးကောက်ယူရာ နေရာများတွင် မြေမြှုပ်မိုင်းများထောင်ထားပြီး မိုင်းအန္တရာယ်သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ထားကြောင်း သိရသည်။

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

### (၃) မာန်အောင်တွင် ဆေးဝါးပြတ်လပ်နေ၍ နာတာရှည် ရောဂါသည်များ ကျန်းမာရေး အကျပ်အတည်း ရင်ဆိုင်ရ

စက်တင်ဘာ ၂၀၂၄ တွင် စစ်ကောင်စီက မာန်အောင်မြို့နယ်သို့ ဆေးဝါးသယ်ယူခွင့်ကို ပိုမိုတင်းကျပ်စွာ ပိတ်ဆို့လိုက်သဖြင့် နှလုံး၊ ဆီးချို၊ သွေးတိုးနှင့် အခြားနာတာရှည်ရောဂါသည်များ ဆေးဝါးမရရှိဘဲ ကျန်းမာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ မြို့နယ်ပြည်သူ့ဆေးရုံတွင်လည်း ဆေးဝါးနှင့် ကျန်းမာရေးဝန်ထမ်း မလုံလောက်တော့ဘဲ အရေးပေါ်လူနာများသည် ပြင်ပမြို့များသို့ သွားရောက်ကုသရန် ခရီးသွားကန့်သတ်ချက်၊ လုံခြုံရေးနှင့် ငွေကြေးအခက်အခဲများကို ရင်ဆိုင်နေရသည်။ ဆေးဝါးပြတ်လပ်မှုကြောင့် နာတာရှည်ရောဂါသည်များ၊ ကိုယ်ဝန်ဆောင်များနှင့် အရေးပေါ်လူနာအချို့ သေဆုံးမှုများပင် ဖြစ်ပေါ်နေကြောင်း ဒေသခံများနှင့် ဆရာဝန်များက သတိပေးထားသည်။ ထို့အပြင် သံတွဲမြို့ကျပြီးနောက် စစ်ကောင်စီက မာန်အောင်ကို ခံစစ်အဖြစ် ပြင်ဆင်ကာ လုံခြုံရေးတင်းကျပ်မှုများ တိုးမြှင့်ထားခြင်းကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေမှာ ပိုမိုဆိုးရွားလာနေသည်။

## ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

### (ဃ) မာန်အောင်တွင် ငါးဖမ်းခွင့် တင်းကျပ်ပိတ်ပင်မှုကြောင့် အသက်မွေးဝမ်းကျောင်း နှင့် စားဝတ်နေရေး အခြေအနေ ဆိုးရွားလာ

ဖေဖော်ဝါရီ ၂၀၂၅ တွင် စစ်ကောင်စီသည် အာရက္ခတပ်တော် ထိန်းချုပ်မှုမရှိသေးသည့် ရခိုင်မြို့နယ် များတွင် လုံခြုံရေးတိုးမြှင့်ခဲ့ပြီးနောက် မာန်အောင်မြို့နယ် ပင်လယ်ပြင် ငါးဖမ်းခွင့်ကို လုံးဝ တင်းကျပ် ပိတ်ပင်ခဲ့သည်။ ဒေသခံများ၏ ၇၅% ခန့်သည် ငါးဖမ်းလုပ်ငန်းအပေါ် မှီခိုနေရသဖြင့် ဝင်ငွေပြတ်တောက် ကာ စားဝတ်နေရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ ဝင်ငွေကျဆင်းမှု၊ ကုန်ဈေးနှုန်းနှင့် ဆေးဝါးဈေးနှုန်းမြင့်တက်မှုတို့ကြောင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုကိုပင် မရရှိနိုင်သည့် အခြေအနေ ဖြစ်ပေါ်နေသည်။ ထို့ပြင် ကုန်သွယ်ရေးကို စစ်တပ်နှင့် နီးစပ်သူများကသာ ထိန်းချုပ်ထားပြီး ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်နေကြောင်း ဒေသခံများက ပြောသည်။ တစ်ချိန်တည်းတွင် စစ်ကောင်စီသည် ပြည်သူ့စစ်စုဆောင်းရန် စည်းရုံးမှုများလည်း ဆက်လက်လုပ်ဆောင်နေပြီး မာန်အောင်မြို့ကို ရေတပ်နှင့် ကြည်းတပ်အင်အားဖြည့်တင်းကာ အခိုင်အမာထိန်းချုပ်ထားသည်။

## ၂၀၂၅ ခုနှစ်၊ မတ်လ

### (င) မာန်အောင်တွင် စစ်တပ်တပ်စွဲရန် ကျေးရွာနှစ်ရွာမှ ဒေသခံများကို အဓမ္မပြောင်းရွှေ့ခိုင်း

မတ်လ ၂၀၂၅ တွင် စစ်ကောင်စီသည် မာန်အောင်မြို့နယ် မျှော်တော်ဦးရေတပ်အနီးရှိ ငှက်ပျောတောနှင့် အနောက်ပါးကျေးရွာတို့တွင် စစ်စခန်းတည်ဆောက်ရန် ရည်ရွယ်၍ ဒေသခံများကို နေအိမ်များဖျက်သိမ်းပြီး အဓမ္မပြောင်းရွှေ့ရန် အမိန့်ပေးခဲ့သည်။ အဆိုပါကျေးရွာများသည် စစ်ရေးအရ အရေးပါသည့် တည်နေရာတွင်ရှိပြီး ကျောက်ဖြူ၊ပင်လယ်ပြင်နှင့် အဓိကလမ်းကြောင်းများကို ထိန်းချုပ်နိုင်သည့် နေရာများဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင်လည်း အလားတူ ပြောင်းရွှေ့ခိုင်းခံခဲ့ရပြီး အသက်မွေးဝမ်းကျောင်း အခက်အခဲကြောင့် မူလကျေးရွာများသို့ ပြန်လည်နေထိုင်လာချိန်တွင် ထပ်မံဖယ်ရှားခံရခြင်းဖြစ်သည်။




မာန်အောင်လေဆိပ်ရှိ စစ်ကောင်စီ၏ ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ် (ဓါတ်ပုံ-developmentmediagroup)

## ၂၀၂၅ ခုနှစ်၊ ဇွန်လ

**(တ) မာန်အောင်တွင် စစ်ကောင်စီနေဗီက ငါးဖမ်းသမားများကို ဖမ်းဆီးငွေညှစ်မှုများ ပြုလုပ်နေ**

မာန်အောင်မြို့နယ်မှ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ငါးဖမ်းသမားများ လိုက်ပါလာသော ငါးဖမ်းစက်လှေငါးစီးကို ဇွန်လ ပထမအပတ်တွင် မာန်အောင်ပင်လယ်ပြင်တွင် ရပ်နားထားသည့် စစ်ကောင်စီ၏နေဗီပေါ်မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်ခတ်ကာ ဖမ်းဆီးနေသည်ဟု မာန်အောင်ဒေသခံ အမျိုးသားတစ်ဦးက နိုရဥ္စရာကို ပြောသည်။

မာန်အောင်မြို့နယ်တွင် စစ်ကောင်စီနေဗီများက ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သည့် ဒေသခံ ငါးဖမ်း သမားများကို သေနတ်ဖြင့် ခြိမ်းခြောက်ပစ်ကာ ဖမ်းဆီးစစ်ဆေးပြီး၊ ဖမ်းဆီးခံရသည့် ငါးဖမ်း သမား တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀ ကျော် အထိ ငွေညှစ် တောင်းခံခဲ့ကြောင်း သိရသည်။

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

### (ထ) မာန်အောင်တွင် ရခိုင်တိုင်းရင်းသားများပါတီ ရုံးဖွင့်

ဦးဘရှိန် ဦးဆောင်သည့် ရခိုင်တိုင်းရင်းသားများပါတီ (RNP) သည် စစ်ကော်မရှင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရင် ပြင်ဆင်နေပြီး၊ ကအီးကျေးရွာ၊ ကုန်တန်းနှင့် တခြား ကျေးရွာများတွင် ပါတီရုံးများ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

### (ဒ) ရွေးကောက်ပွဲ မက်လုံးဖြင့် ပြန်ဖွင့်ပေးခဲ့သော ဖုန်းလိုင်းများ နယ်ဘက်ကျေးရွာများတွင် အလုပ်မဖြစ်

စစ်ကောင်မရှင်မှ ရွေးကောက်ပွဲနီးလာချိန်တွင် မာန်အောင်မြို့တွင် ဖုန်းလိုင်းများပြန်ဖွင့်ပေးခဲ့ သော်လည်း မြို့ပေါ်ရပ်ကွက်နှင့် မြို့အနီး နှစ်မိုင်ခန့် အကွာအဝေးတွင်သာ ဖုန်းလိုင်းများရရှိပြီး၊ ကျေးလက်ဒေသများတွင် ဖုန်းလိုင်များမရသေးကြောင်း သိရသည်။

### (ဓ) ကိုယ်ဝန်ဆောင်မိခင်များ နှင့် ကလေးငယ်များ ကျန်းမာရေး စောင့်ရှောက်မှု ကင်းမဲ့နေ

မာန်အောင်မြို့ရှိ ကုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးဝါး၊ ဆေးပစ္စည်းများနှင့် အထူးကု ဆရာဝန်များ မရှိခြင်းကြောင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ ကလေးကာကွယ်ဆေးထိုးခြင်းနှင့် အရေးပေါ် မွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများမှာ အလွန်အကန့်အသတ်ရှိနေပြီး၊ မိခင်နှင့် ကလေး ကျန်းမာရေးအတွက် အစိုးရ ထောက်ပံ့သည် ဆေးဝါးများမှာလည်း မရရှိသည်မှာ နှစ်နှင့်ချီ ကြာမြင့်နေပြီဖြစ်ကြောင်း ဒေသခံများနှင့် ကျန်းမာရေး ဝန်ထမ်းများမှ ပြောကြားချက် အရ သိရှိရသည်။

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ

### (န) မာန်အောင်မြို့တွင် မဲရုံလုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီးတစ်ဦး သေနတ်ပစ်ခတ်ခံရသေဆုံးပြီး နောက် လုံခြုံရေးတိုးမြှင့်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက် ညပိုင်းတွင် ရခိုင်ပြည် မာန်အောင်မြို့၌ မဲရုံလုံခြုံရေးတာဝန်ယူရန် ရောက်ရှိနေသော ကျောက်ဖြူအခြေစိုက် ခလရ (၃၄) မှ ဗိုလ်ကြီးတစ်ဦး အနီးကပ်သေနတ်ပစ်ခတ် ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။ သတင်းများအရ သေဆုံးသူသည် လူရိပ်တွေ့ရှိ၍ ထွက် ကြည့်စဉ် ပစ်ခတ်ခံခဲ့ရပြီး ဆေးရုံသို့ပို့ဆောင်ပြီးနောက် သေဆုံးခဲ့သည်။ အချို့သတင်းရင်းမြစ် များက တပ်တွင်းအချင်းချင်း ပဋိပက္ခနှင့် ဆယ်နွယ်နိုင်ကြောင်း မှတ်ချက်ပေးကြသော်လည်း သီးခြားအတည်ပြုနိုင်ခြင်းမရှိခဲ့ချေ။ အဆိုပါ ဖြစ်စဉ်ပြီးနောက်တွင် စစ်ကော်မရှင်တပ်ဖွဲ့များက မာန်အောင်မြို့အတွင်း လုံခြုံရေးနှင့် ကင်းလှည့်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပ) မာန်အောင်မြို့နယ်တွင် စစ်အင်အားဖြည့်တင်းမှု နှင့် စစ်ရေးလှုပ်ရှားမှုများ တိုးလာပြီး လုံခြုံရေး တိုးမြှင့်**

တိုက်ပွဲမဖြစ်ပွားသေးသည့် မာန်အောင်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာနှောင်းပိုင်းမှစ၍ စစ်ကောင်မရှင်တပ်များသည် ရေကြောင်းမှတစ်ဆင့် စစ်အင်အား (ခန့်မှန်း ၃၀၀ ခန့်) ဖြည့်တင်းခဲ့ပြီး သင်တန်းဆင်း စစ်မှုထမ်းအသစ်များအပါအဝင် တပ်ဖွဲ့ဝင်များကို ကျေးရွာများသို့ စစ်ကြောင်းထိုးစေလွှတ်ခဲ့ကြောင်း ဒေသခံများက ဆိုသည်။ စစ်သားများသည် သစ်ပုံ၊ ခြံလောင်ကွင်း၊ နဂါးမီးတောက် စသည့် ကျေးရွာများသို့ ဝင်ရောက်လှုပ်ရှားကာ ဘုန်းကြီးကျောင်းများတွင် ယာယီတည်းခိုခဲ့ပြီး၊ ကျေးရွာများတွင် အာရက္ခတပ်တော်နှင့် ဆက်နွယ်သူများရှိပါက သတင်းပေးရန်လည်း တိုက်တွန်းခဲ့ကြောင်းသိရသည်။

## ၂၀၂၆ ခုနှစ်၊ ဧပြီလ

**(ဖ) မာန်အောင်လေယာဉ်ကွင်း ပြန်လည်ပြုပြင်၍ လေကြောင်းသယ်ယူပို့ဆောင်ရေး ပြန်လည်စတင်ရန် စစ်ကောင်စီစီစဉ်**

၂၀၂၆ ခုနှစ် ဧပြီလတွင် စစ်ကောင်စီသည် မာန်အောင်လေယာဉ်ကွင်းကို တစ်လအတွင်း ပြန်လည်ပြုပြင်ကာ မေလမှစ၍ လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် စီစဉ်နေကြောင်း သိရခဲ့ရပြီး၊ ဧပြီ ၂၄ ရက်မှစ၍ ရန်ကုန်–မာန်အောင် လေကြောင်းခရီးစဉ်ကို MAI လေကြောင်းလိုင်းဖြင့် ပြန်လည်ပြေးဆွဲမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် ၆၃၀,၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရှိရသည်။ ဒေသခံများက အဆိုပါ အစီအစဉ်သည် ဒေသခံများ၏ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များ အပြင် စစ်ကောင်စီ၏ လူအင်အားနှင့် ရိက္ခာပို့ဆောင်ရေး လိုအပ်ချက်များနှင့်လည်း ဆက်စပ်နိုင်ကြောင်း သုံးသပ်ကြသည်။

## ၂၀၂၆ ခုနှစ်၊ မေလ

**(ဗ) မာန်အောင်–ရန်ကုန် လေယာဉ်လက်မှတ်ဈေးနှုန်း သတ်မှတ်ဈေးထက် နှစ်ဆကျော်မြင့်တက်**
၂၀၂၆ ခုနှစ်၊ မေလတွင် မာန်အောင်–ရန်ကုန် လေကြောင်းခရီးစဉ် လက်မှတ်များကို တရားဝင်သတ်မှတ်ဈေး ကျပ် ၆၃၀,၀၀၀ ထက် နှစ်ဆကျော်မြင့်သည့် ကျပ် ၁.၅ သန်းအထိ ရောင်းချနေကြောင်း သိရသည်။ လက်မှတ်ရှားပါးမှုနှင့် ဝယ်လိုအားမြင့်မားမှုကြောင့် ဈေးနှုန်းများ မြင့်တက်နေပြီး ဒေသခံများ၏ ခရီးသွားလာရေးအတွက် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရသည်။

**(ဘ) မာန်အောင်တွင် လေယာဉ်ကွင်းလုံခြုံရေးတိုးမြှင့်၍ စစ်ဆေးရေးဂိတ်အသစ်ဖွင့်**

၂၀၂၆ ခုနှစ်၊ မေလတွင် မာန်အောင်မြို့ရှိ စမုံတဲလေယာဉ်ကွင်းအနီး၌ စစ်ကောင်စီက လုံခြုံရေးတိုးမြှင့်ကာ စစ်ဆေးရေးဂိတ်အသစ်တစ်ခု တိုးချဲ့ချထားခဲ့သည်။ ဒေသခံများ၏ ပြောကြားချက်

အရ စစ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၂၀ ဦးခန့်ကို ဂိတ်တွင် တပ်ဖြန့်ထားပြီး ယင်းနေရာသည် မာန်အောင်ကျွန်း၏ အဓိကသွားလာရာလမ်းကြောင်းပေါ်တွင် တည်ရှိသည်။

**(မ) ကျောက်ဖြူနှင့် မာန်အောင်တွင် စစ်ကောင်စီ ဂျိုင်ရိုကော်ပတာနှင့် ပါရာမိုတာများ လေ့ကျင့်ပျံသန်း**

၂၀၂၆ ခုနှစ်၊ မေလနှောင်းပိုင်းတွင် စစ်ကော်မရှင်သည် အာရက္ခတပ်တော်၏ ထိုးစစ်ကို ခုခံရန်အတွက် ကျောက်ဖြူနှင့် မာန်အောင်မြို့နယ်များတွင် ဂျိုင်ရိုကော်ပတာ (Gyrocopter) နှင့် ပါရာမိုတာ (Paramotor) များကို လေ့ကျင့်ပျံသန်းခဲ့ကြောင်း သိရသည်။ ဒေသခံများနှင့် စစ်ရေးလေ့လာသူများ၏ အဆိုအရ ယင်းလေ့ကျင့်မှုသည် မိုးရာသီကာလအတွင်း ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးဆိုင်ရာ စစ်ဆင်ရေးများအတွက် ကြိုတင်ပြင်ဆင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

## ၂၀၂၆ ခုနှစ်၊ ဇွန်လ

**(ယ) မာန်အောင်မြို့တွင် လျှပ်စစ်မီး တစ်နေ့လျှင် ၁ နာရီ ၁၅ မိနစ်သာရရှိ**

အသွင်ပြောင်း စစ်အစိုးရ အုပ်ချုပ်ရာ မာန်အောင်မြို့တွင် လျှပ်စစ်မီးကို ရပ်ကွက် အလိုက် အလှည့်ကျစနစ်ဖြင့် တစ်နေ့လျှင် ၁ နာရီ ၁၅ မိနစ် သာ ရရှိကြောင်း သိရသည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စက်ရုံ၏ ဘက်ထရီချို့ယွင်းမှုကြောင့် လျှပ်စစ်ဖြန့်ဖြူးမှု ကန့်သတ်ထားရပြီး ဘက်ထရီများကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အစားထိုးမည်ဟု အသွင်ပြောင်း အစိုးရက ပြောဆိုထားသည်။

## ၃။ တွေ့ရှိချက်များ

**၁။** ၂၀၂၃ခုနှစ် နိုဝင်ဘာလနောက်ပိုင်းတွင် အာရက္ခတပ်တော်က ရခိုင်မြို့နယ်အများစုကို ထိန်းချုပ်လာပြီးနောက် တွင် စစ်ကောင်စီသည် မာန်အောင်တွင် စစ်အင်အား၊ လုံခြုံရေးနှင့် စစ်ရေးအခြေခံအဆောက်အအုံများကို ဆက်လက်တိုးချဲ့ခဲ့ပြီး၊ တိုက်ပွဲမဖြစ်ပွားသေးသော်လည်း စစ်ရေးအရ ပိုမိုအရေးပါသည့် နယ်မြေအဖြစ် ပြောင်းလဲလာသည်။

**၂။** စစ်ဆေးရေးဂိတ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ စစ်ကြောင်းထိုးခြင်း၊ မြေမြှုပ်မိုင်းများထောင်ခြင်းနှင့် ဒေသခံပြည်သူများအား စစ်မှုထမ်းရန် ဖိအားပေးခြင်းနှင့် အာရက္ခတပ်တော်အပြင် တခြားသော တော်လှန်ရေးအဖွဲ့များနှင့် ပတ်သက်မှုမရှိအောင် ခြိမ်းခြောက်ခြင်းတို့ကြောင့် ဒေသခံများ၏ လွတ်လပ်စွာ သွားလာနေထိုင်မှု အခက်အခဲများကြုံတွေ့လာခဲ့ရပြီး၊ လုံခြုံရေး တင်းကျပ်မှုများနှင့် သွားလာခွင့် ကန့်သတ်ချက်များ ပိုမိုမြင့်တက်လာသည်။

**၃။** ငါးဖမ်းခွင့် ကန့်သတ်ခြင်း၊ ငါးဖမ်းသမားများအား ဖမ်းဆီးငွေညှစ်မှုများနှင့် လယ်ယာအနီးအနားနှင့် ကမ်းစပ်များတွင် မြေမြှုပ်မိုင်းမှာ မြှုပ်နှံထားခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သိသိသာသာ ထိခိုက်ခဲ့သည်။ ထို့အပြင် ကုန်စည်သယ်ယူပို့ဆောင်ရေး ကန့်သတ်ချက်များကြောင့် အဓိကဝင်ငွေရင်းမြစ်များ လျော့ကျခဲ့ပြီး စားဝတ်နေရေး ပိုမိုခက်ခဲလာသည်။ ဆေးဝါးပြတ်လပ်မှု၊ အခြေခံကျန်းမာရေးဝန်ဆောင်မှု ချို့တဲ့မှု၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်ခြင်းတို့သည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အန္တရာယ်ကို တိုးမြင့်စေခဲ့သည်။ MPT ဖုန်းလိုင်း ပြန်လည်တပ်ဆင်ပေးခြင်းအပြင်၊ လုံခြုံရေး တိုးမြှင့်ခြင်းတို့သည်လည်း ရွေးကောက်ပွဲ ပြင်ဆင်မှု ကာလများအတွင်း တိုးတက်လာသော နိုင်ငံရေးနှင့် အုပ်ချုပ်ရေး လှုပ်ရှားမှုများအဖြစ် တွေ့ရသည်။

**၄။** အခြေခံဝန်ဆောင်မှုများဖြစ်သော လျှပ်စစ်မီးကို အချိန်အကန့်အသတ်ဖြင့်သာ ရရှိခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများ ကန့်သတ်ထားခြင်းနှင့် လေကြောင်းခရီးစဉ်များ ပြန်လည် ပြေးဆွဲသော်လည်း ကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့် ပြည်သူများ၏ နေ့စဉ်ဘဝအပေါ် ဆိုးကျိုးများ ဆက်လက် သက်ရောက်လျက်ရှိသည်။ စစ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများဖြစ်သော လေယာဉ်ကွင်းပြုပြင်ခြင်း၊ လေကြောင်းခရီးစဉ်များ ပြန်လည် ပြေးဆွဲခြင်း နှင့်အညီ လေယာဉ်ကွင်းလုံခြုံရေးကို တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ဂျိုင်ရိုကော်ပတာနှင့် ပါရာမိုတာများ လေ့ကျင့် ပျံသန်းခြင်းများကိုလည်း တိုးချဲ့ လုပ်ဆောင်လာခဲ့သည်။

## ၄။ သုံးသပ်ချက်

မာန်အောင်မြို့နယ်သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ရခိုင်ပြည်ရှိ မြို့နယ်အများစုကို အာရက္ခတပ်တော်က ထိန်းချုပ်လာနိုင်သည့် အခြေအနေတွင် အသွင်ပြောင်း စစ်အစိုးရ ထိန်းချုပ်ဆဲကျန်ရှိနေသော ကျွန်းဒေသ တစ်ခုဖြစ်ပြီး၊ ရခိုင်ပြည်အတွင်း တိုက်ပွဲလုံးဝဖြစ်ပွားခြင်းမရှိသေးသည့် ဒေသတစ်ခုလည်း ဖြစ်သည်။ သို့သော် တိုက်ပွဲမရှိခြင်းသည် ဒေသခံများ၏ လုံခြုံရေးနှင့် လူမှုစီးပွားဘဝ တည်ငြိမ်မှုကို မဆိုလိုဘဲ၊ ကျွန်းဒေသဖြစ်သည့် ပထဝီဝင်အနေအထားနှင့် စစ်အစိုးရ၏ သွားလာခွင့်၊ ကုန်စည်နှင့် ဆေးဝါးသယ်ယူခွင့် ကန့်သတ်ထားမှုများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲများမှာ ရေရှည်တည်ရှိနေခဲ့သည်။

အထူးသဖြင့် မာန်အောင်သည် ရခိုင်ပြည်အတွင်း တခြားသော မြို့နယ်များနှင့် ကုန်းနယ်နိမိတ်ချင်း ထိစပ်နေခြင်းမရှိဘဲ သီးခြားတည်ရှိသော ကျွန်းမြို့နယ်ဖြစ်သည့်အတွက် ရေကြောင်းဆက်သွယ်ရေး လမ်းကြောင်းအပေါ် မှီခိုမှုမြင့်မားသည်။ လမ်းကြောင်းများကို စစ်အစိုးရက တင်းကျပ်စွာ ထိန်းချုပ်ထားခြင်းကြောင့် ဆေးဝါး၊ စားနပ်ရိက္ခာနှင့် အခြေခံကုန်ပစ္စည်းများ ရရှိနိုင်မှု ကျဆင်းခဲ့ပြီး၊ ကျန်းမာရေးဝန်ဆောင်မှုများလည်း ဆက်တိုက် ယိုယွင်းလာခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစကလေးငယ်များ နှင့် နာတာရှည်လူနာများအတွက် အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ မရရှိခြင်းသည် လက်နက်ကိုင် တိုက်ပွဲကြောင့် မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိ

ပိတ်ဆို့ထိန်းချုပ်မှုကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို ထင်ဟပ်စေသည်။

ထို့ပြင် ဆက်သွယ်ရေးကဏ္ဍတွင်လည်း မာန်အောင်သည် အာရက္ခတပ်တော် ထိန်းချုပ်ဒေသများနှင့် ကွာခြားသော အခြေအနေကို ကြုံတွေ့နေရသည်။ MPT ဖုန်းလိုင်းများ ပြန်လည်တပ်ဆင်ပေးမည်ဟု စစ်အစိုးရမှ ကြေညာခဲ့သော်လည်း ဧရိယာကန့်သတ်ချက်နှင့် နှစ်ရှည်ကြာ ဆက်သွယ်ရေးပြတ်တောက်မှုများကြောင့် ဒေသခံများ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် သတင်းအချက်အလက်ရရှိရေးတို့မှာ အဆိုးရွားဆုံး ထိခိုက်ခဲ့သည်။ အာရက္ခတပ်တော် ထိန်းချုပ်နယ်မြေများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံများက Starlink ကဲ့သို့သော ဂြိုဟ်တုအင်တာနက်ကို အချို့နေရာများတွင် အသုံးပြုနိုင်သော်လည်း မာန်အောင်တွင် စစ်အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်မှုကြောင့် ယင်းကဲ့သို့ အစားထိုး ဆက်သွယ်ရေး နည်းလမ်းများ အသုံးပြုနိုင်ခြင်းမရှိသဖြင့် ဒစ်ဂျစ်တယ်အထီးကျန်မှု (digital isolation) ပိုမိုဆိုးရွားလာခဲ့သည်။ အဆိုပါ အခြေအနေသည် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှု၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများနှင့် စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေသည့် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

တစ်ဖက်တွင်လည်း မာန်အောင်တွင် လက်ရှိအချိန်အထိ တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း၊ စစ်အစိုးရသည် ၂၀၂၅ နှစ်ကုန်ပိုင်းမှစ၍ စစ်အင်အားတိုးချဲ့ခြင်း၊ လေယာဉ်ကွင်းပြန်လည်ဖွင့်လှစ်ခြင်း၊ စစ်ဆေးရေးဂိတ်များ တိုးချဲ့ချထားခြင်း၊ Gyrocopter နှင့် Paramotor များ လေ့ကျင့်အသုံးပြုခြင်း၊ ညစဉ်ကင်းလှည့်ခြင်းနှင့် လုံခြုံရေးတိုးမြှင့်ခြင်းတို့ကို ဆက်တိုက်လုပ်ဆောင်လာခဲ့သည်။ အဆိုပါ လှုပ်ရှားမှုများသည် အာရက္ခတပ်တော် ၏ စစ်ရေး ခြိမ်းခြောက်မှုကို တုံ့ပြန်ခြင်းထက် မာန်အောင်ကျွန်း၏ မဟာဗျူဟာ အရေးပါမှုကို ကာကွယ်ရန်နှင့် အနာဂတ်စစ်ဆင်ရေးများအတွက် ကြိုတင်ခံစစ်ပြင်ဆင်ထားကြောင်း သုံးသပ်ရသည်။ အထူးသဖြင့် ကျောက်ဖြူဒေသတို့တွင် အာရက္ခတပ်တော်နှင့် စစ်အစိုးရတပ်တို့အကြား စစ်ရေးဖိအားများ ဆက်လက်မြင့်တက်နေခြင်းကြောင့် မာန်အောင်ကို စစ်အစိုးရ ထောက်ပံ့ပို့ဆောင်ရေးနှင့် နောက်တန်းကာကွယ်ရေးအခြေစိုက်စခန်းအဖြစ် ပိုမိုအသုံးချရန် ကြိုးပမ်းနေသည်ဟု သုံးသပ်နိုင်သည်။

ထို့အပြင် လေယာဉ်ကွင်းပြုပြင်ခြင်းနှင့် လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲခြင်းတို့ကို ဒေသခံများ၏ သွားလာရေးအဆင်ပြေစေရန်ဟု ဖော်ပြထားသော်လည်း လက်မှတ်ဈေးနှုန်းများအဆမတန် မြင့်တက်နေခြင်း နှင့် ခရီးသွားလာခွင့်များ ဆက်လက်ကန့်သတ်ထားခြင်းတို့ကြောင့် ယင်းဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးကို ဒေသခံအများစု မခံစားနိုင်ခဲ့ကြပေ။ ထို့ကြောင့် အဆိုပါအခြေခံအဆောက်အအုံများ ပြန်လည်လည်ပတ်လာခြင်းသည် လူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းထက် စစ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များကို ပိုမိုအထောက်အကူပြုနေသည်ဟု သုံးသပ်နိုင်သည်။

ခြုံငုံသုံးသပ်ရပါက မာန်အောင်သည် တိုက်ပွဲမရှိသည့် "တည်ငြိမ်သောဒေသ" မဟုတ်ဘဲ စစ်ရေးအရ တင်းကျပ်စွာထိန်းချုပ်ထားသည့် ကျွန်းဒေသ (militarized island under tight control) အဖြစ်

ပြောင်းလဲလာနေသည်။ စစ်ရေးပြင်ဆင်မှုများ တိုးလာသည့်တစ်ဖက်တွင် ဒေသခံများ၏ လွတ်လပ်စွာ သွားလာခွင့်၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း အခြေအနေများမှာ ဆက်လက်ကျဆင်းနေပြီး၊ မာန်အောင်သည် တိုက်ပွဲမရှိသေးသော်လည်း ရေရှည်လူသားချင်းစာနာမှုနှင့် ကာကွယ်ရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေများ စုပေါင်းတည်ရှိနေသော ဒေသတစ်ခုအဖြစ် ဆက်လက်ရှိနေနိုင်ကြောင်း သုံးသပ်ရသည်။

**အာရက္ခလေ့လာရေးစင်တာအကြောင်း**

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရေး့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org